**JobAccess**
**Driving disability employment**

# အချက်အလက် သတင်းလွှာ
# သင်သည် အလုပ်ရှာဖွေနေသော မသန်စွမ်းလူငယ်တစ်ဦး ဖြစ်ပါသလား။

သင့် အနေဖြင့် ကျောင်း၊ လေ့ကျင့်ရေးသင်တန်း သို့မဟုတ် အဆင့်မြင့်ပညာရေး ပြီးဆုံးပြီးနောက် လုပ်ငန်းခွင်ထဲသို့ ဝင်ရောက်နိုင်ရန် သင့်အား ကူညီပေးနိုင်သည့် အခမဲ့ ဝန်ဆောင်မှုများ ရရှိနိုင်ပါသည်။ ၎င်းတို့တွင် ပါဝင်သည်များမှာ-

**မသန်စွမ်းသူအား အလုပ်ခန့်အပ်ရေး ဝန်ဆောင်မှု အဖွဲ့အစည်း (DES)**

မသန်စွမ်းသူအား အလုပ်ခန့်အပ်ရေး ဝန်ဆောင်မှုအဖွဲ့အစည်းသည် သတ်မှတ်ချက် ဘောင်အတွင်းဝင်သော မသန်စွမ်းသူများ၊ ထိခိုက်ဒဏ်ရာရထားသူများ သို့မဟုတ် ကျန်းမာရေး ပြဿနာရှိသူများကို အလုပ်ရှာဖွေရေးနှင့် ဆက်လက်ထိန်းထားနိုင်ရေးတို့အတွက် ကူညီပေးသည်။

**လူမှုအသိုင်းအဝိုင်း ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း**

သင်သည် ဩစတြေးလျတိုက်၏ ဝေးလံသောဒေသတွင် နေထိုင်ပြီး အလုပ်ရှာဖွေနေသူတစ်ဦးဖြစ်ပါက လူမှုအသိုင်းအဝိုင်း ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းမှ ကူညီပေးနိုင်ပါသည်။

**အလုပ်လုပ်ကိုင်နိုင်ရေးသို့ကူးပြောင်းခြင်း (TTW)**

သင်သည် အသက် ၁၅ နှစ်မှ ၂၁ နှစ် အတွင်းရှိနေသူ ဖြစ်လျှင် TTW မှ အကူအညီရယူနိုင်ဖွယ်ရှိပါသည်။ TTW သည် သင်လုပ်ငန်းခွင်ဝင်ရန် အသင့်ဖြစ်နေစေရေးအလို့ငှာ လုပ်ငန်းခွင်ဆိုင်ရာ အပြုအမူများအတွက်လည်းကောင်း ၊လုပ်ငန်းခွင်ဆိုင်ရာ မျှော်လင့်ချက်များအတွက်လည်းကောင်း၊အလုပ်အကိုင်နှင့် ပညာသင်ကြားခြင်းဆိုင်ရာ ကျွမ်းကျင်မှုများအား ဖွံ့ဖြိုးမှုအတွက်လည်းကောင်း လေ့ကျင့်သင်တန်းများပို့ချပေးခြင်းအားဖြင့် သင့်အားကူညီပေးနိုင်ပါသည်။

**အသက်မွေးဝမ်းကျောင်းမှု လေ့ကျင့်သင်တန်းပေးခြင်းနှင့် အလုပ်အကိုင်ခန့်အပ်ရေးဌာနများ (VTECs)**

သင်သည် မသန်စွမ်းမှုရှိသောအလုပ်ရှာဖွေနေသူ ဒေသခံ တိုင်းရင်းသား လူငယ်တစ်ဦးဖြစ်ပြီး အလုပ်အကိုင်ရှာဖွေနေပါက သင့်အား VTECs မှ ကူညီပေးနိုင်ပါသည်။

**လုပ်ငန်းခွင်အတွင်း ပညာသင်ကြားခြင်း၊အလုပ်သင်နှင့် သင်တန်းများ**

သင်သည် လုပ်ငန်းဆိုင်ရာ အရည်အချင်းများ ပြည့်ဝပြီး အလုပ်အကိုင်တစ်ခုရရှိနိုင်ရန်အတွက် သင့်အနေနှင့် အလုပ်ပညာသင် သို့မဟုတ် လေ့ကျင့်ပညာသင်ဆုကို လျှောက်ထားရန် စိတ်ဝင်စားနိုင်ဖွယ်ရှိပါမည်။

ဤဝန်ဆောင်မှုများတစ်စုံတစ်ရာနှင့် ပတ်သက်၍ သတင်းအချက်အလက် ပိုမိုသိရှိလိုသည်များရှိပါက JobAccess ၏ ဝက်ဘ်ဆိုက် www.jobaccess.gov.au သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည် သို့မဟုတ် JobAccess အကြံပေးပုဂ္ဂိုလ်တစ်ဦးအား ဖုန်း 1800 464 800 သို့ ခေါ်ဆိုဆွေးနွေး နိုင်ပါ သည် -မိုဘိုင်းဖုန်းများမှ ခေါ်ဆိုမှုများအတွက် ဝန်ဆောင်ခ ကောက်ခံပါမည်။

---

Australian Government

JobAccess is the national hub for workplace and employment information for people with disability, employers and service providers.

**1800 464 800** **www.jobaccess.gov.au**